## ၃။အရူး (၈) မျိုး

၁။ ကာမအတွက်၊ အရုပ်ပျက်အောင်၊ ဝိတက်လွန်ထွေ၊
အကြံပွေ၊ မှတ်လေ**ကာမရူး**။

၂။ ဒေါသအတွက်၊ အရုပ်ပျက်အောင်၊ အမျက်လွန်ထွေ၊
ရန်ပွားစေ၊ မှတ်လေ**ဒေါသရူး**။

၃။ မာနလွန်ကြြား၊ တပါးသောသူ၊ ကြည်ဖြူသမှု၊ မိတ်မပြုပဲ၊
သူ့ဂုဏ်နှင့်သူ၊ တလူလူ၊ မှတ်ယူ**မာနရူး**။

၄။ အမှားဖက်၍၊ ဝိတက်ဗလပွေ၊ အကြံထွေမှတ်လေ**ဒိဋ္ဌိရူး**။

၅။ ယစ်မျိုးအတွက်၊ အရုပ်ပျက်လည်း၊ အရှက်ဗလာ၊
လူ့မိစ္ဆာ၊ မှတ်ပါ**သေရက်ရူး**။

၆။ ဆွေပျက်မျိုးပျက်၊ စည်းစိမ်ပျက်၍၊ ဝိတက်လွန်လေ၊
အကြံပွေ၊ မှတ်လေ**ဗျသနရူး**။

၇။ စုန်း–နတ်–ဘီလူး၊ အဖမ်းကြူး၍၊ အထူးယွင်းချွတ်၊
သတိလွတ်၊ မှတ်လေ**ယက္ခရူး**။

၈။ သည်းခြေအတွက်၊ အရုပ်ပျက်အောင်၊ ဝိတက်လွန်ထွေ၊
အကြံပွေ၊ မှတ်လေ**သည်းခြေရူး**။

**လယ်တီဆရာတော်**